မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်စျေးကွက်သတင်းလွှာ

July 22 , 2025 Volume 92, Number 15

၂၂. ၇.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = N/A |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၆.၃၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၈.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၂.၃၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၆၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၃၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၃၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၀၁ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ၃ လအတွင်း နှမ်းမျိုးစုံ တန် ၆၀၀၀ ခန့် တင်ပို့ထား



ယခု ၂၀၂၅- ၂၀၂၆ဘဏ္ဍာနှစ် ပထမ ၃ လအတွင်း ပြည်ပစျေးကွက်တွေကို ပင်လယ်ရေကြောင်းကနေ နှမ်းမျိုးစုံ တန်ချိန် ၆၀၀၀ လောက်တင်ပို့ထားတယ်လို့ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းရဲ့ စာရင်းတွေအရ သိရပါတယ်။

အခုဘဏ္ဍာနှစ် ဧပြီလကနေ ဇွန်လအထိ ပြည်ပကိုနှမ်းမျိုးစုံတင်ပို့မှုကနေ ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၁သန်း ရရှိထားပါတယ်။

ပထမ ၃ လ ပတ်အတွင်း ပြည်ပကို ပဲမျိုးစုံ ၊ပြောင်းနဲ့နှမ်းတင်ပို့မှုတွေဟာ ပို့ကုန်လျာထားချက်တွေထက် ကျော်လွန်တာတွေ့ရတယ်လို့ မြန်မာနိုင်ငံပဲမျိုးစုံ၊ပြောင်းနှင့် နှမ်းကုန်သည်များအသင်းရဲ့ အကြံပေး ဦးစိုးဝင်းမောင်က ပြောပါတယ်။

အခုဘဏ္ဍာနှစ်မှာ ပြည်ပကို နှမ်းမျိုးစုံ တန်ချိန် ကိုးသောင်းဝန်းကျင် တင်ပို့ဖို့ လျာထားတယ်လို့ မြန်မာနိုင်ငံပဲမျိုးစုံ ပြောင်း နှင့် နှမ်းကုန်သည်များအသင်းက သိရပါတယ်။

မြန်မာ့နှမ်းကို တရုတ်ကို အများဆုံးတင်ပို့နေပြီး ထိုင်း၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ စတဲ့ နိုင်ငံတွေကိုလည်း တင်ပို့နေပါတယ်။နှမ်းမျိုးစုံထဲကမှနှမ်းနက်ကို လှော်လက်တွေက ဝယ်လိုအားများတဲ့အတွက် အရောင်းအဝယ်သွက်နေတယ်လို့ မန္တလေးစျေးကွက်က သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့စာရင်းတွေအရ ဇူလိုင် ၂၁ ရက်မှာ ပြည်ပကို တင်ပို့တဲ့ နှမ်းဖြူတစ်တန်ရဲ့ FOB စျေးနှုန်းက အမေရိကန်ဒေါ်လာ ၁၂၆၅ ဒေါ်လာကနေ ၁၂၇၅ ဒေါ်လာဝန်းကျင်၊ နှမ်းနက်(စမုန်)တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၆၆၀ ကနေ ၂၆၇၀

ဒေါ်လာဝန်းကျင်၊နှမ်းညိုတစ်တန်ကိုအမေရိကန်ဒေါ်လာ ၁၁၄၀ ကနေ ၁၁၅၀ ဝန်းကျင်နဲ့နှမ်းနက်(ရိုးရိုး)တစ်တန်ကိုအမေရိကန်ဒေါ်လာ ၂၄၈၀ ကနေ ၂၄၉၀ ဝန်းကျင် ပေါက်ဈေး ရှိနေပါတယ်။

**Source:** https://onenewstvchannel.com/

## EV ကား ပိုသုံးလာရန် Charging Station များ လုံလောက်ရန်လိုအပ်

EV ကားတွေ အသုံးပြုမှု ဒီထက်ပိုအားကောင်းလာစေဖို့အတွက် လျှပ်စစ်ဓာတ်အားတွေ ပိုမိုရရှိဖို့နဲ့ နေရာအတော်များများမှာ လုံလောက်တဲ့ Charging Station တွေ များများစားစား လုပ်ဆောင်ပေးဖို့ လိုအပ်တယ်လို့ BYD EV POWER ကုမ္ပဏီရဲ့ဥက္ကဋ္ဌ ဦးမင်းမင်းမောင်က ပြောပါတယ်။




ဇူလိုင် ၁၈ ရက်ကနေ ၂၀ ရက်အထိ မရမ်းကုန်းမြို့နယ်၊ YCC ခန်းမမှာ ၃ ရက်ကြာပြုလုပ်တဲ့ MYANMAR INTERNATIONAL AUTO EXPO 2025 ပြပွဲမှာ ONE NEWS သီးခြားမေးမြန်းမှုအပေါ် ဦးမင်းမင်းမောင်က အခုလို ပြောကြားခဲ့တာပါ။

လာမဲ့ ၂၀၃၀ မှာ တစ်ကမ္ဘာလုံးအနေနဲ့ EV ကားစနစ်ပိုမိုအားကောင်းစွာလွှမ်းခြုံနိုင်မယ်ဆိုတဲ့ ရည်မှန်းချက် ရှိနေပါတယ်။ အဲဒီရည်မှန်းချက် ကောင်းမွန်ပြီး မြန်မာနိုင်ငံအနေနဲ့ ရည်မှန်းချက်ကို အကောင်အထည်ဖော်သွားဖို့ ဆိုရင် EV ကားသုံးစွဲသူတွေ ပိုမိုအဆင်ပြေအောင် လျှပ်စစ်ဓာတ်အား ပိုမိုရရှိဖို့နဲ့ လုံလောက်တဲ့ Charging Station တွေ များများစားစား လုပ်ဆောင်ပေးဖို့ လိုအပ်တယ်လို့ ၎င်းက ပြောပါတယ်။

EV ကားတွေအပေါ် စိတ်ဝင်စားမှုပိုမိုမြင့်တက်လာသလိုအရင်ထက်အသုံးပြုသူပိုများပြားလာပြီး လတ်တလောမှာ ကျပ်သိန်းတစ်ထောင်လောက်ကနေ နှစ်ထောင်ကြားရှိတဲ့ EV ကားတွေဝယ်ယူမှုများပြားနေတယ်လို့ ဆိုပါတယ်။ အရင်နှစ်တွေထက်စာရင် လက်ရှိမှာ EV ကားအသုံးပြုသူ ပိုမိုများပြားလာပြီး လျှပ်စစ်ဓာတ်အားပိုမိုရရှိလာမယ်ဆိုရင် EV ကားရောင်းဝယ်မှုအားပိုမိုကောင်းလာမှာဖြစ်တယ်လို့လည်းပြပွဲမှာပါဝင်ပြသတဲ့ LEAPMOTOR MYANMAR ရဲ့ အရောင်းမန်နေဂျာတစ်ဦးကပြောပါတယ်။

ခရီးဝေးမောင်းနှင်မဲ့ EV ကားအသုံးပြုသူတွေပိုမိုအဆင်ပြေလာစေဖို့အတွက် အမြန်လမ်းတစ်ခုတည်းတင်မက ရန်ကုန်-ပုသိမ်လမ်း၊ ရန်ကုန်-ချောင်းသာလမ်း၊ ရန်ကုန်-ငွေဆောင်လမ်း၊ ရန်ကုန်-မော်လမြိုင်လမ်း၊ ရန်ကုန်-မန္တလေးလမ်း၊ ရန်ကုန်-မကွေးလမ်းအစရှိတဲ့နေရာတွေမှာ Charging Stationတွေကို မိုင် ၅၀ တစ်ခုနှုန်းနဲ့ စနစ်တကျလုပ်ဆောင်သွားမယ်ဆိုရင် ယုံကြည်စိတ်ချစွာနဲ့ သုံးစွဲမှုပိုမိုမြင့်တက်လာစေနိုင်သလို EV ရဲ့ အခန်းကဏ္ဍလည်း ပိုမိုအောင်မြင်လာမှာဖြစ်တယ်လို့ သုံးသပ်ပြောကြားမှုတွေလည်း ရှိနေပါတယ်။

**Source:** https://onenewstvchannel.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၄-၇-၂၀၂၅ မှ ၁၈-၇-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ပဲ(တစ်တန်)ဈေးနှုန်းများမှာမတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၆၇,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၂၈၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၇၇၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း

မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂၄,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂၄,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄၃,၀၀၀ အသီးသီးဈေး မြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ဝင်ရောက်ခဲ့သော ကြောင့် ယခင်အပတ်ထက် မတ်ပဲ ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀)လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရှေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှေတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရှေတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၀,၅၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၁၅,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရှေတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရှေတ်ရှည်အိတ်ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရှေတ်ရှည် အိတ်ပေါင်း ၁၅၀၀ (၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရှေတ်ရှည်အိတ်ပေါင်း ၄၀၀(၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၂၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သောထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၅၆၀၀၊ညောင်ဦးဆေးရှယ်(ထန်း)ကျပ် ၇၀၀၀၊ပခုက္ကူကြမ်း(သစ်)ကျပ် ၅၃၀၀၊ ရေစကြို ထန်းလျက် (သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၇၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက် ၊ ကြံသကာ နှင့် သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၄-၇-၂၀၂၅ မှ ၁၈-၇-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၄၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၈၀၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၅၅၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၄၅၀ ၊ မုံရွာလတ်သန့် ကျပ် ၁၃၅၀ နှင့် မုံရွာ လတ်ချော ကျပ် ၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မုံရွာသစ်ရှယ် ကျပ် ၅၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစား များမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၅ စီး (၅၇၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၃၅ စီး (၈၁၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄၀ စီး (၂၄၀,၀၀၀ ပိဿာ) ပိုမိုဝင် ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၀,၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၃၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၇၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၆၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်)ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၃၇၀၀(၁၁၁,၀၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင်ကြက်သွန်ဖြူအိတ် ၂၉၀၀ (၈၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၈၀၀ (၂၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဟဲဟိုးမြို့နှင့် တရုတ်မှအာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ ဟဲဟိုး A1 ကျပ် ၄၈၀၀၊ ဟဲဟိုး Ok ကျပ် ၄၈၀၀ ၊ ဟဲဟိုး S1 ကျပ် ၄၈၀၀၊ ဟဲဟိုး S2 ကျပ် ၄၂၀၀ နှင့် တရုတ်အာလူး ကျပ် ၅၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဟဲဟိုး A1 ကျပ် ၈၀၀ ၊ ဟဲဟိုး Ok ကျပ် ၃၀၀ ၊ ဟဲဟိုး S1 ကျပ် ၃၀၀၊ ဟဲဟိုး S2 ကျပ် ၂၀၀ ဈေးကျဆင်းခဲ့ပြီး တရုတ်အာလူး ကျပ် ၃၀၀ ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၃၁ စီး(၁၈၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၃၆ စီး (၂၁၆,၀၀၀ ပိဿာ) ဝင်ရောက် ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅ စီး (၃၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပွင့်ဖြူမြို့နယ်၌ နွေသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သိရသည်။

ပွင့်ဖြူမြို့နယ်၌နွေသီးနှံစိုက်ပျိုးရာသီကနှမ်း၅၇,၆၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါနှမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာလက်ရှိတွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၉ ဒသမ ၅၂ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်မှာနှမ်း ၅၇,၆၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီနှမ်းစိုက်ခင်းအားလုံး လက်ရှိမှာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။နွေနှမ်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တိုးချဲ့ စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်း ကောင်းမွန်တဲ့မျိုးတွေ စိုက်ပျိုးကြဖို့ GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့နည်းပညာပေးတာတွေကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေနှမ်းစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းကောင်းသော နှမ်းမျိုးများ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်းသိရသည်။

**Source :** https://www.myawady.net.mm/

## သံမဏိနှင့်မော်တော်ယာဉ်အစိတ်အပိုင်းများအပေါ် အမေရိကန်၏ အခွန်စည်းကြပ်မှုအပေါ် အိန္ဒိယက တုံ့ပြန်အရေးယူမှုအသစ်များဆောင်ရွက်ရန်စီစဉ်

အိန္ဒိယနှင့်အမေရိကန်ပြည်ထောင်စုတို့သည် နှစ်နိုင်ငံအကြားကုန်သွယ်ရေးသဘောတူညီချက် (Bilateral Trade Agreement–BTA) အတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိနေသော်လည်း အိန္ဒိယနိုင်ငံသည် သံမဏိနှင့် အလူမီနီယံနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများတင်သွင်းမှုများအပေါ် အမေရိကန်ပြည်ထောင်စု၏အကောက်ခွန်စည်းကြပ်မှုကို တုံ့ပြန်သည့်အနေဖြင့် စီစဉ်ထားသော တန်ပြန်အရေးယူဆောင်ရွက်မှုများ၏ အတိုင်းအတာကို တိုးမြှင့်လိုက်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)သို့ မကြာသေးမီပေးပို့လိုက်သော အသိပေးအကြောင်းကြားစာတွင် အမေရိကန်ပြည်ထောင်စုသည် ပြန်လည်ပြင်ဆင်ထားသော အကောက်ခွန်များမှတစ်ဆင့် ကောက်ခံမည့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၂ ဘီလီယံတန်ဖိုးရှိ ထပ်တိုးတင်သွင်းခွန်များနှင့်ကိုက်ညီစေရန် အမေရိကန်သွင်းကုန်များအပေါ် ထားရှိသော အကောက်ခွန်များကို ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ဖော်ပြထားကြောင်းသိရသည်။

အမေရိကန်ပြည်ထောင်စုသည် ဇွန်လ ၃ ရက်နေ့တွင် သံမဏိ၊ အလူမီနီယံနှင့် ၎င်းတို့၏ ဆက်စပ်ပစ္စည်းများအပေါ်ထားရှိသော အခွန်များကို ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း သို့တိုးမြှင့် ခဲ့ကြောင်း သိရသည်။

အဆိုပါတိုးမြှင့်လိုက်သောအခွန်များကြောင့်အမေရိကန်ပြည်ထောင်စုသို့တင်ပို့သည့်အိန္ဒိယနိုင်ငံ၏ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၇ ဒသ မ ၆ ဘီလီယံအပေါ်သက်ရောက်မှုရှိကြောင်းသိရသည်။

"ဤအကြောင်း ကြားစာထုတ်ပြန်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်ကျော်လွန်ပါက အထူးအခွင့်အရေးများ သို့မဟုတ် အခြားသောတာဝန်ဝတ္တရားများကို ဆိုင်းငံ့ပိုင်ခွင့်အား အိန္ဒိယနိုင်ငံကလက်ဝယ်ထားရှိသည်"ဟု အဆိုပါအကြောင်းကြားစာတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံကအမေရိကန်ပြည်ထောင်စု၏ အခွန်နှုန်းထားပြောင်းလဲမှုများသည် ကုနသွယ်မှုကာကွယ်ရေးဆိုင်ရာအစီအမံများ (safeguard measures) အဖြစ်သတ်မှတ်နိုင်သော်လည်း အဆိုပါအပြောင်းအလဲများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့( WTO)သို့အကြောင်းကြားရန် ပျက်ကွက်ခဲ့ကြောင်းထောက်ပြခဲ့သည်။အမေရိကန်၏လုပ်ဆောင်ချက်များသည် ၁၉၉၄ ခုနှစ် GATT သဘောတူညီချက်နှင့် ကာကွယ်ရေးဆိုင်ရာ အစီအမံများဆိုင်ရာ သဘောတူညီချက်(Agreement on Safeguards–AoS)တို့အရ ၎င်း၏ ကတိကဝတ်များနှင့်ကိုက်ညီမှုမရှိကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုသည် AoS မူဘောင်အရ လိုအပ်သည့်အတိုင်း အိန္ဒိယနိုင်ငံနှင့်ညှိနှိုင်းဆွေးနွေးမှုများ မပြုလုပ်ခဲ့ကြောင်းကိုလည်း အိန္ဒိယနိုင်ငံက မှတ်ချက်ပြုခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၄ ခုနှစ် မတ်လတွင် အမေရိကန်ပြည်ထောင်စုမှ ချမှတ်ခဲ့သော သံမဏိနှင့်အလူမီနီယံအပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုပထမအသုတ်ကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁ ဘီလီယံကောက်ခံရန် အကောက်ခွန်များချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့်မေလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)သို့ ကနဦးအကြောင်းကြားခဲ့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံက ယခုလ ၄ ရက်နေ့တွင် အိန္ဒိယပို့ကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉ ဘီလီယံကို သက်ရောက်မှုရှိစေသည့် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများအပေါ်ကောက်ခံမည့် အမေရိကန်၏ ၂၅ ရာခိုင်နှုန်း ထပ်တိုးအခွန်များကို တုံ့ပြန်သွားမည့်အစီအစဉ်ကိုလည်း WTO သို့ အသိပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၉ ခုနှစ်က Trump အစိုးရကချမှတ်ခဲ့သော အလားတူအမေရိကန်အခွန်များကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ထုတ်ကုန် ၂၁ မျိုးအပေါ် အကောက်ခွန်များတိုးမြှင့်ကောက်ခံခြင်းဖြင့် တုံ့ပြန်ခဲ့ဖူးကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင်ဝန်ကြီးချုပ်မိုဒီ၏အမေရိကန်ခရီးစဉ်အတွင်းသံမဏိနှင့်အလူမီနီယံဆိုင်ရာအငြင်းပွားမှုများအပါအဝင် WTO တွင်ဆိုင်းငံ့ထားသော အငြင်းပွားမှုအားလုံးကို ရုပ်သိမ်းရန် နှစ်နိုင်ငံသဘောတူခဲ့ကြကြောင်း သိရသည်။

**Source: Trade Promotion Council of India, India plans fresh retaliatory duties against US steel & auto duties, July 11, 2025**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

## ဆန်တန်ချိန် ၄ သိန်း ဘင်္ဂလားဒေ့ရှ်တင်သွင်းမည်



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသော ရှေ့လာမည့် မိုးရာသီကာလတွင် ဖြစ်ပေါ်လာနိုင်မည့်အကျပ်အတည်းများကို လျော့ပါးစေရေးအတွက် ကြိုတင်ပြင်ဆင်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆန်မက်ထရစ်တန်ချိန် ၄၀၀,၀၀၀ တင်သွင်းရန် အစိုးရက ဆုံးဖြတ်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ် အတွင်းဝန်ချုပ်ရုံးတွင် ဇူလိုင် ၁၅ ရက်၊ အင်္ဂါနေ့၌ကျင်းပခဲ့သည့် ဘဏ္ဍာရေးအတိုင်ပင်ခံ ဒေါက်တာ ဆာလာဟူဒင်အာမက်ကသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်သော စားနပ်ရိက္ခာစီမံကိန်းနှင့်စောင့်ကြည့်ကြပ်မတ်ရေးကော်မတီ၏ အစည်းအဝေးမှ အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါအစည်းအဝေးအပြီး သတင်းထောက်များနှင့်တွေ့ဆုံရှင်းလင်းရာတွင် စားနပ်ရိက္ခာအကြံပေးအရာရှိ Ali Imam Majumder က မိုးသီးနှံ (Aman) ရာသီအတွင်း ဖြစ်နိုင်ခြေရှိသော ရေလွှမ်းမိုးမှုများအတွက် ကြိုတင်စီစဉ်ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း၊ ယခုမိုးသီးနှံရာသီ၌ မည်သည့်ဘေးအန္တရာယ်၊အခက်အခဲမျှ ကြုံတွေ့ရမှုမဖြစ်ပေါ်စေလိုကြောင်း၊ ယခင်နောက်ဆုံးအကြိမ် ရေကြီးပြီးနောက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ကြောင်း၊ ဝယ်ယူရေးကိစ္စများကိုလည်း နိုင်ငံတကာတင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ ထိခိုက်ပျက်စီးမှုရှိသော်လည်း နွေစပါး (Boro paddy) များကို ရိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ မိုးစပါး (Aman paddy) မှာမူ ကနဦးစိုက်ပျိုးဆဲဖြစ်၍ စပါးများဆုံးရှုံးနိုင်ခြေမရှိကြောင်း၊ သို့သော် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပြီး ဝယ်ယူရေးလုပ်ငန်းစဉ်ကိုလည်း စတင်သွားမည်ဖြစ်ကြောင်း Mr. Majumder က ပြောဆို သည်။

၎င်း၏အဆိုအရ ၂၀၂၅ ခုနှစ် နိုဝင်ဘာလတိုင်အောင်ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာသိုလှောင်မှုသည် ဆန်နှင့် ဂျုံ အပါအဝင်မက်ထရစ်တန်ချိန် ၁၃ သိန်းအထိရှိနေမည်ဖြစ်ကြောင်း၊နွေစပါးမက်ထရစ်တန်ချိန် ၃ ဒသမ၅၀ သိန်းစုဆောင်းရန် ရည်မှန်းချက်ကို ကျော်လွန်လျက် လက်ရှိကာလတွင် တန်ချိန် ၃ ဒသမ၇၆ သိန်းခန့်ကို အစိုးရက ဝယ်ယူစုဆောင်းထား ပြီးဖြစ် ကြောင်း၊ အရန်ဆန် စုဆောင်းရန်ရည်မှန်းချက်မှာ မက်ထရစ်တန်ချိန် ၁၄ သိန်းဖြစ်ပြီး ယခုအချိန်အထိ တန်ချိန် ၉ ဒသမ၅၀ သိန်း

စုဆောင်းပြီးဖြစ်ကြောင်း၊ရည်မှန်းချက်ကိုအပြည့်အဝရရှိမည်ဟုမျှော်မှန်းထားပြီး ဩဂုတ်လလယ်ပိုင်း၌ဆန်ဝယ်ယူရေး လုပ်ငန်းစဉ် ကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ဆန်စပါးဝယ်ယူရေးလုပ်ငန်း ပိတ်သိမ်းပြီးချိန်၌ ဆန် ၁ ကီလိုဂရမ်လျှင် ၁၅ တာကာနှုန်းထားရှိလျက် အိမ်ထောင်စု ၁ ခု တစ်လလျှင် ဆန် ၃၀ ကီလိုဂရမ်နှုန်းဖြင့် နိုင်ငံတစ်ဝှန်းရှိ အိမ်ထောင်စုပေါင်း ၅၅ သိန်းခန့်သို့ ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်သည်။

ယခင်က အိမ်ထောင်စုပေါင်း ၅၀ သိန်းသို့ ထောက်ပံ့ပေးခဲ့သည့် အဆိုပါအစီအစဉ်ကို ယခုအခါ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဖေဖော်ဝါရီနှင့် မတ်လ စုစုပေါင်း ၆ လတာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် စားနပ်ရိက္ခာလုံလောက်စွာသိုလှောင်ထားရှိခြင်းဖြင့် ဈေးကွက်တည်ငြိမ်မှုကိုထိန်းသိမ်းထားနိုင်ရန် မျှော်မှန်းလျက်ရှိကြောင်း သိရသည်။

**Source: Bangladesh Sangbad Sangstha, 15 Jul 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## ၂၀၂၅ ခုနှစ် ဒုတိယ ၃ လပတ်၌ ဖိလစ်ပိုင်၏ စပါးထွက်ရှိမှု ၁၃ ရာခိုင်နှုန်းတိုးတက်



ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်ဒုတိယသုံးလပတ်တွင် ရာသီဥတုကောင်းမွန်သည့်အခြေအနေများ အရပြည်တွင်းစပါးထွက်ရှိမှုမှာ တိုးတက်ခဲ့ပြီး အဓိကစားသုံးကုန်စည်ဖြစ်သော ဆန်တင်သွင်းရမှုကို လျော့ကျစေခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့၏ နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာတွင် ဧပြီလမှဇွန်လအထိ ကာလအတွင်း စပါးထွက်ရှိမှုသည် တန်ချိန် ၄ ဒသမ၃၅ သန်း ခန့်ရှိမည်ဟုခန့်မှန်းထားရာ ယခင်နှစ်ကာလတူ၌ ထွက်ရှိခဲ့သည့် စပါးတန်ချိန် ၃ ဒသမ ၈၅ သန်းထက် ၁၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မည်ဟု ဖော်ပြထားသည်။

အဆိုပါ စာရင်းအင်းအေဂျင်စီက စပါးစိုက်ပျိုးမှု ဧရိယာသည် ၉ ဒသမ၂ ရာခိုင်နှုန်းပိုမိုလျက် ၉၇၂,၇၄၅ ဟက်တာအထိ ရောက်ရှိခဲ့ကြောင်း၊ ၎င်းစိုက်ဧရိယာအနက် ၈၈ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သော ၈၆၄,၄၁၄ ဟက်တာကို ရိတ်သိမ်းပြီးစီးမှုမှ စပါးတန်ချိန် ၃ ဒသမ၈၉ သန်း ထွက်ရှိခဲ့ ကြောင်း၊ စပါးအထွက်နှုန်းသည် ၁ ဟက်တာလျှင် ၄ ဒသမ၄၇ တန်အထိရှိပြီး တိုးတက်မှုအားဖြင့် ၃ ဒသမ၅ ရာခိုင်နှုန်းရှိကြောင်း ပြောကြားခဲ့သည်။

ဇွန်လ ၁ ရက်နေ့ရှိ သီးနှံစိုက်ပျိုးထားမှု အခြေအနေပေါ်မူတည်၍ စိုက်ပျိုးထားဆဲ စပါးစိုက် ဧရိယာ ၅၂၂,၅၃၀ ဟက်တာအနက် ၅၁ ရာခိုင်နှုန်းသည် အပင်ကြီးထွားဆဲအဆင့်၊ ၂၉ ဒသမ၄ ရာခိုင်နှုန်းသည် စပါးအနှံတည်သည့်အဆင့်နှင့် ကျန် ၁၉ ဒသမ ၆ ရာခိုင်နှုန်းသည် ရင့်မှည့်သည့်အဆင့်တို့တွင်ရှိနေကြောင်းဖြင့် ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က ခန့်မှန်းထားသည်။

အစိုးရ၏ အထောက်အပံ့များ တိုးမြှင့်ပေးမှုနှင့် စိုက်ပျိုးမှုအခြေအနေကောင်းများရှိနေခြင်းတို့ကြောင့် ၂၀၂၅ ခုနှစ်တွင် စပါးတန်ချိန် ၂၀ ဒသမ ၄၆ သန်းအထိ စံချိန်တင်ထွက်ရှိမည်ဟု စိုက်ပျိုးရေး ဦးစီးဌာနကလည်း အခိုင်အမာပြောကြားခဲ့သည်။

ရည်မှန်းထားသော ပန်းတိုင်အထွက်ပမာဏအတိုင်းထွက်ရှိပါက လက်ရှိစံချိန်တင်ထားသည့် ၂၀၂၃ ခုနှစ်၌ ထွက်ရှိခဲ့သော စပါးတန်ချိန် ၂၀ ဒသမ၀၆ သန်း အပေါ် ၂ ရာခိုင်နှုန်းခန့် ကျော်လွန်မည်ဖြစ်သကဲ့သို့ ယခင်နှစ်ထွက်ရှိခဲ့မှုထက်လည်း ၇ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်မှုရှိမည်ဖြစ်ကြောင်းသိရသည်။

ဇူလိုင်ပထမရက်သတ္တပတ်၌ ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် စိုက်ပျိုးရေး လက်ထောက်အတွင်းဝန် Arnel de Mesa က ဖိလစ်ပိုင်မိုးလေဝသနှင့်ဇလဗေဒဌာန၏ နောက်ဆုံးထုတ်ပြန်သော မိုးလေဝသခန့်မှန်းချက်အရ ယခုနှစ်၌ အင်အား

ပြင်းထန်သော မုန်တိုင်းများစွာကိုကြုံတွေ့ရဖွယ်မရှိကြောင်း၊ ပထမ ၃ လပတ် ခြောက်သွေ့ရာသီတစ်ခုလုံးမှစတင်၍ စပါး အထွက်ကောင်းမွန်နေခြင်းကြောင့် ပြည်ပမှဆန်တင်သွင်းမှုကို လျှော့ချနိုင်လိမ့်မည်ဟု မျှော်မှန်းကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ဇူလိုင်လ ၃ ရက်နေ့အထိစုစုပေါင်းဆန်တန်ချိန် ၂ ဒသမ၂၅ သန်းကို တင်သွင်းခဲ့ပြီး ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် တင်သွင်းခဲ့သည့်အရေအတွက် ဆန်တန်ချိန် ၂ ဒသမ ၃၄ သန်းအောက် ၃ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်း ခဲ့ကြောင်း သိရသည်။

**Source : Philippine Daily Inquirer, July 14, 2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## STOCK EXCHANGE (22.7.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,395 (Shares) | 9,197,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +100 | +1.45% | 7,000 | 7,000 | 7,000 | 39 | 273,000 | 33,109,694 | 231,768 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,300 | 3,350 | 3,300 | 1,102 | 3,691,650 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +200 | +2.63% | 7,800 | 7,800 | 7,800 | 2 | 15,600 | 10,400,986 | 81,128 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 0 | 0 | 29,664,613 | 59,329 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 873 | 2,313,450 | 12,823,224 | 33,982 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 1,000 | 1,675,250 | 19,977,223 | 33,961 |
| AMATA | 00007 | 3,550 | -100 | -2.74% | 3,200 | 3,550 | 3,200 | 359 | 1,162,150 | 10,497,598 | 37,267 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 20 | 66,000 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 22nd Jul. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.91 | +3.33 | +0.92% | 360.05 | 363.91 | 360.05 | 3,395 | 9,197,100 | 8 | 686,404 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 22nd Jul. 2025

| Trading Volume | Trading Value |
|---|---|
| 4,518 (Shares) | 12,609,700 (MMK) |

### Main Board

As of 1:00 pm, 22nd Jul. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,395 (Shares) | 9,197,100 (MMK) |

| MYANPIX | 363.91 ▲ 3.33 |
|---|---|
| Total Volume (shares) | 3,395 |
| Total Value (MMK) | 9 mil |
| Listed Company | 8 |
| Market Cap. (MMK) | 686,404 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▲ 100 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 200 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 3,550 | ▼ 100 |
| MAEX | 00008 | 3,300 | ▲ 0 |

TIR